မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 11, 2024 | Volume 84, Number 6

**၁၁.၁၁.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ၇ လအတွင်း ဆန်တင်ပို့မှုက ဒေါ်လာ ၆၄၇ သန်း ရရှိထားကြောင်း MRF ထုတ်ပြန်



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှအောက်တိုဘာလကုန်အထိ ၇ လတာကာလအတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံ ဆန်နဲ့ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄၇ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နိုဝင်ဘာလ ၈ ရက်နေ့က ထုတ်ပြန်ထားသည်။

ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၁,၃၆၂,၆၃၀ တန် တင်ပို့မှုကရရှိထားပြီး အင်ဒိုနီးရှားနိုင်ငံက အများဆုံးဝယ်ယူတာဖြစ်ကြောင်း MRF ထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။

လအလိုက် တင်ပို့မှုကိုကြည့်ရင် အောက်တိုဘာလမှာ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဆန်၊ ဆန်ကွဲ တန်ချိန်စုစုပေါင်း ၄၂၄,၇၈၄ ဒသမ ၂၇ တန် တင်ပို့မှုမှ ဒေါ်လာ ၁၈၉ သန်းအထိ စံချိန်တင် ထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလက ၁၀၄ သန်းဖြင့် စံချိန်တင်ရရှိခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလအတွင်း ဆန်တန်ချိန် ၂၃၀,၈၀၃ ဒသမ ၂၇ တန်၊ ဆန်ကွဲတန်ချိန် ၁၉၃,၉၈၁ တန်ချိန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုက တန်ချိန် ၄၂၄,၅၃၄ ဒသမ ၂၇ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုက တန်ချိန် ၂၅၀ တင်ပို့ခဲ့ခြင်းဖြစ်ရာ နယ်စပ်ကုန်သွယ်မှုက တစ်ဆင့်တင်ပို့နိုင်ခြင်း သိသိသာသာလျော့ကျလာသည်ကို တွေ့ရသည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်း စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉ သန်းအထိ ရရှိထားကြောင်း MRF ၏အချက်အလက်များအရ သိရသည်။

ဆန်နှင့်ဆန်ကွဲ အမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ ၁၅ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး အဲဒီအထဲ အင်ဒိုနီးရှားက အများဆုံးဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ ဖိလစ်ပိုင်နှင့် တတိယအများဆုံးမှာ တရုတ်တို့က အများဆုံး ဝယ်ယူသူများအဖြစ်ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုက အများအပြားဝယ်ယူလျက်ရှိပြီး ဘယ်လ်ဂျီယံ၊ ဆီနီဂေါ၊ တရုတ်၊ အင်ဒိုနီးရှားနိုင်ငံတွေက အများဆုံးဝယ်ယူလျက်ရှိကြောင်း စာရင်းတွေမှာဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဘဏ္ဍာနှစ်အတွင်း ဆန်/ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့နိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပို့ကုန်ရငွေများ အမြန်ဆုံးပြန်လည်ဝင်ရောက်ရေး အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## တရုတ်ပို့ကုန်ပဲများ အဝယ်သွက်လာရာ ပဲတီစိမ်းအညာဈေးမြင့်တက်



တရုတ်ပို့ကုန်ပဲများ အဝယ်သွက်လာပြီး ပဲတီစိမ်းအညာဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပဲတီစိမ်းအညာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ်၂၆၅,၀၀၀ ထိပေါက်ဈေးဖြစ်လာရာတစ်အိတ်လျှင် ငွေကျပ်၂၀,၀၀၀ခန့် ယခင်သီတင်းပတ်ထက် ဈေးမြင့်တက်လာသည်။

တရုတ်နိုင်ငံမှ အဝယ်များသည့် ပဲတီစိမ်းနှင့် နှမ်းမျိုးစုံဈေးကွက် အဝယ်သွက်နေကြောင်း ပဲတီစိမ်းအညာတစ်မျိုးသာ ဈေးမြင့်တက်လာသော်လည်း အခြားပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း လက်ရှိ ပဲ၊ နှမ်းဈေးကွက်သို့ မိုးမြေပဲနှင့်မိုးနှမ်းမျိုးစုံ ဒေသစုံ အဝင်ရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

“ပို့ကုန်ပဲတွေ ဈေးနှုန်းအနည်းငယ် ကျဆင်းနေသလို ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း ဈေးငြိမ်နေပါတယ်။ မြေပဲဆန်ဈေးတွေက ပုံမှန်သာအရောင်းအဝယ်ရှိနေတာပါ။ နှမ်းမျိုးစုံက အဝင်ကောင်းတော့ ဈေးအနည်းငယ်ပြန်ကျပေမဲ့ အဝယ်သွက်နေပါတယ်။ တရုတ်ဝယ်လက်တွေ အဝယ်ကောင်းလာလို့ ပဲတီစိမ်းအညာဈေးတွေက မြင့်တက်လာပါတယ်။ ပို့ကုန်ပဲတွေလည်း ဒေါ်လာဈေးအငြိမ်နဲ့အတူ ဈေးအနည်းငယ်ကျရိပ်ပြလာပါတယ်”ဟု ၎င်းကပြောသည်။

နိုဝင်ဘာလ ၇ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေရာ နိုဝင်ဘာ ၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၃,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၃,၀၀၀ အသီးသီးပေါက်ဈေးရှိသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၄၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀-၈၃၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများအဝယ်ကောင်းသဖြင့် နိုဝင်ဘာ ၇ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပြန်သွက်နေရာ နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၀၀,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၅၀,၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၄-၁၁-၂၀၂၄ မှ ၈-၁၁-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၆၉၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၀၉၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၄,၀၅၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၅,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၅,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၂,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀၊ ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀(၂၂,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၄၅၀( ၂၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၅၀ (၇,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၆၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၁,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းအသား (သစ်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၆၆၀၀၊ ညောင်ဦးဆေးရယ်(ထန်း) ကျပ် ၇၂၀၀၊ ပခုက္ကူကြိမ်း ကျပ် ၆၆၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၅၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၁၀၀၊ ပခုက္ကူကြိမ်း ကျပ် ၁၀၀ နှင့် ရေစကြို ထန်းလျက်(ချော) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၄-၁၁-၂၀၂၄ မှ ၈-၁၁-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၆၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၆၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၁၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၆၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၀၀၊ မြင်းခြံလတ်သန့် ကျပ် ၅၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၀ စီး (၅၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကားစီးရေ ၃၀ စီး (၁၈, ၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၃,၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၄,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅,၅၀၀ နှင့် အောင်ပန်းထူး - ၅ ကျပ် ၁၆,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀ ၊ အောင်ပန်းထူး - ၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၅၀၀ (၄၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၄၀၀ (၄၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၀၀ (၃,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။


### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၇၆၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၅ စီး (၁၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၉ စီး (၁၁၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆ စီး (၃၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## နေပြည်တော်ထွက်ကုန် တံမြက်စည်းများ ဒေသတွင်းသာမက ရပ်ဝေးထိ တင်ပို့ရောင်းနေရ




နေပြည်တော်၊ ပျဉ်းမနားအရှေ့သနပ်ပင်ဆိတ်ကျေးရွာမှ လက်မှုလုပ်ငန်းများဖြစ်သည့် တံမြက်စည်းလုပ်ငန်းများက တံမြက်စည်းများအား ဒေသအတွင်းသာမက ရပ်ဝေးမြို့နယ်များအထိ တင်ပို့ရောင်းချနေရတယ်လို့ တံမြက်စည်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကျွန်မတို့ရွာက တစ်ရွာလုံးနီးပါး တံမြက်စည်းလုပ်ငန်းလုပ်ကိုင်ကြတာပါ။ နေပြည်တော်ဒေသတွင်း ရောင်းနေကြတဲ့တံမြက်စည်းတွေအားလုံးနီးပါး ရွာက လုပ်တာတွေပါ။ အခုဆို နေပြည်တော်တစ်ခုတည်းမကပါဘူး တောင်တွင်း၊ မကွေး၊ ကျောက်ပန်းတောင်းဒေသ၊ ကျောက်ဆည်၊ ကူမဲ၊ ကျိုင်းတုံဒေသ

တွေထိမှာတဲ့ဆီကို အကုန်ပို့ရပါတယ်”လို့ တံမြက်စည်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နေပြည်တော်ရေကြီးမှုမဖြစ်ခင်က တံမြက်စည်းတစ်ချောင်းပို့ဈေး ၁၅၀၀ ကျပ်သာရှိသော်လည်း ယခုအခါ တံမြက်စည်းထိုးသည့်အပင်ကုန်ကြမ်းတွေ ဈေးမြင့်ပေးဝယ်ရမှု၊ တံမြက်စည်းထိုးရာတွင် အသုံးပြုရသော ကြိမ်ခွဲခြမ်းကြိုး၊ ပလတ်စတစ်ကြိုးများဈေးတက်လာသည့်အတွက် ပို့ဈေးတစ်ချောင်း ၃၀၀၀ ကျပ်ဖြစ်သွားကြောင်း၊ ယခင်ကဈေးများတွင် တံမြက်စည်းတစ်ချောင်း ၂၅၀၀ ကျပ်ဖြင့် ရောင်းချသော်လည်း ယခုအခါ တံမြက်စည်းတစ်ချောင်း ၅၀၀၀ ကျပ်အထိ ရောင်းချကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသည့် ဆောင်းသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးသွားမည်



မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသည့် ဆောင်းသီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးတွင် ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ကေတစ်သိန်းကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

“အခုတော့ တဖြည်းဖြည်းနဲ့ ရေမြုပ်ထားတဲ့ ကေတွေ ပြန်ပေါ်လာပြီ။ ဆောင်းသီးနှံတွေကို ပြန်ပြီးစိုက်ပျိုးသွားမယ်။ အဓိက ကုလားပဲပေါ့။ အခုလိုအပ်တဲ့ မျိုးစေ့တွေလည်း တောင်သူတွေကို အခမဲ့ဖြန့်ဝေပေးထားတယ်”ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံဖြစ်သည့် ပဲမျိုးစုံအဓိကစိုက်ပျိုးပြီး ဆောင်းသီးနှံဖြစ်သည့် ကုလားပဲကေ သုံးသောင်းခွဲကို ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ မြစ်သားနှင့်ဝမ်းတွင်းမြို့တို့တွင် အဓိကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် စပါးစိုက်ကေ ၇၉၃,၀၀၀ ပျက်စီးခဲ့ပြီး အခြားသီးနှံစိုက်ကေ ၇၃,၄၃၄ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နံ့ကားစပါး ၁၆ ပြည်ဝင် တင်းရေ ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နံ့ကားစပါး ၁၆ ပြည်ဝင်တင်းရေ ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက နံ့ကားစပါးအမျိုးအစား တင်းရေ ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက် မှ ၃၁ ရက်ထိ တစ်လအတွင်း နံ့ကားစပါးတင်းရေ

၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် လူအသုံးပြုမှုများပြီး ဆန်ကြမ်းအုပ်စုတွင်ပါဝင်သော အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း နံ့ကားစပါးတင်းရေ ၈၀,၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲ မော်လမြိုင်ကျွန်းမြို့နယ်က တင်ပို့ရောင်း ချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ နံ့ကားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမဲ့ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်ယူမှု အားကောင်းနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ နံ့ကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာ အခက်အခဲမရှိပါဘူး" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် နံ့ကားစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၈၈၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် ခန့်မှန်းထားသည့် ၂ ရာခိုင်နှုန်းထက် ကျော်လွန်နိုင်ကြောင်း Thai National Shippers' Council က ပြောကြားခဲ့ခြင်း

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်များသည် ခန့်မှန်းထားသည့် ၂ ရာခိုင်နှုန်းကို ကျော်လွန်ကာ နှစ် ၃၀ အတွင်း အမြင့်ဆုံး ဘတ်ငွေ ၁၀ ထရီလီယံသို့ ရောက်ရှိနိုင်သည်ဟု Thai National Shippers' Council က ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်း နိုင်ငံ၏ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၂၂၃ ဘီလီယံရှိခဲ့ပြီး သွင်းကုန်သည် အမေရိကန် ဒေါ်လာ ၂၂၉ ဘီလီယံ ရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၆ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း၊ Global Purchasing Managers' Index (PMI) တိုးတက်မှုနှင့်အတူ ကမ္ဘာ့ထုတ်လုပ်မှုကဏ္ဍသည် အောက်တိုဘာလအတွင်း ပြန်လည် ကောင်းမွန်လျက်ရှိသည်ကို ပြသခဲ့ပါကြောင်း၊ အမေရိကန်၏ထုတ်လုပ်မှု PMI သည် အောက်တိုဘာလအတွင်း ၄၇ ဒသမ ၈၊ ဥရောပဇုန်၏ ထုတ်လုပ်မှု PMI သည် ၄၅ ဒသမ ၉ နှင့် တရုတ်၏ ထုတ်လုပ်မှု PMI သည် ၅၀ ဒသမ ၁ သို့ အသီးသီးမြင့်တက်ခဲ့ ကြောင်း ကောင်စီဥက္ကဋ္ဌ Mr. Chaichan Charoensuk က ပြောကြားခဲ့သည်။

ထိုင်းဘဏ်က ၎င်း၏မူဝါဒနှုန်းကို ၂ ဒသမ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သဖြင့် အောက်တိုဘာလအတွင်း ထိုင်းဘတ်ငွေ သည် ၁ ဒေါ်လာလျှင် ၃၃ မှ ၃၃ ဒသမ ၈ သို့ရောက်ရှိခဲ့ကြောင်း၊ ယခုနှစ်အစောပိုင်းကာလနှင့် နှိုင်းယှဉ်ပါက ဘတ်ငွေသည် ၁ ဒသမ ၉၅ ရာခိုင်နှုန်းခိုင်မာမှုရှိခဲ့ပြီး စက်တင်ဘာလအတွင်း ဘတ်ငွေသည် ၅ ဒသမ ၉၆ ရာခိုင်နှုန်း ခိုင်မာမှုရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ ရေနံစိမ်းဈေးနှုန်းသည် ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ မှ ၈၀ ကြားရှိပြီး အာရှမှ အမေရိကန်နှင့် ဥရောပသို့ သင်္ဘောကုန်ကျ စရိတ်လည်း ကျဆင်းခဲ့ကြောင်း သိရသည်။

လက်ရှိဖြစ်ပွားနေသော ပထဝီဝင်နိုင်ငံရေးပဋိပက္ခများ၊ အမေရိကန်သမ္မတရွေးကောက်ပွဲ၊ ဘတ်ငွေအတက်အကျ အခြေ အနေ၊ ဆီထုတ်လုပ်သော နိုင်ငံများက ဒီဇင်ဘာအတွက် လျာထားသော ဆီထုတ်လုပ်မှုကို ၁ လ သို့မဟုတ် ပိုမို၍ နှောင့်နှေးသွား နိုင်ကြောင်း ကြေညာချက်စသည်တို့သည် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်ကဏ္ဍကိုလည်း သက်ရောက်စေနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ပြည်တွင်းကုမ္ပဏီများသည် နိုင်ငံခြားနှင့်ကုန်သွယ်ရာတွင် ငွေလဲနှုန်းထိခိုက်မှုမှ သက်သာစေရန် နည်းလမ်းများသုံးသင့် ကြောင်း၊ ဗဟိုဘဏ်အနေဖြင့်လည်း ဘတ်ငွေတည်ငြိမ်စေရန်နှင့် စီးပွားရေးနှင့်ဘဏ္ဍာငွေတည်ငြိမ်စေရေးအတွက် အလျင်အမြန် အတက်အကျဖြစ်ခြင်းမရှိစေရန် ထိန်းထားသင့်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဈေး ကွက်အလားအလာ မြင့်မားသောနိုင်ငံများတွင် ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ချက်များကို အရှိန်မြှင့်တင် ဆောင်ရွက်ရန် နှင့် ဈေးကွက်ချဲ့ထွင်ရန်၊ ပို့ကုန်တိုးမြှင့်ရန်နှင့် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကို တိုးမြှင့်ရန် လွတ်လပ်သောကုန်သွယ်ရေးစာချုပ် များ ညှိနှိုင်းမှုကို အရှိန်မြှင့်တင်သင့်ကြောင်း ကောင်စီဥက္ကဋ္ဌ Mr. Chaichan က ပြောကြားခဲ့သည်။

Source: www.bangkokpost.com

စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၌ မိုးသီးနှံအထွက်မြင့်မားမှုနှင့် သွင်းကုန်များပြားမှုတို့အရ ပဲမျိုးစုံဈေးနှုန်းများကျဆင်း



မိုးသီးနှံရာသီ၌ စိုက်ပျိုးမှုမှ ပဲမျိုးစုံအထွက် ပမာဏမြင့်မားနိုင်ခြေရှိမှု၊ ဩစတြေးလျနိုင်ငံမှ တင်သွင်းသည့် ကုလားပဲများ ဝင်ရောက်လာမှုတို့နှင့်အတူ ပြည်တွင်းဈေးကွက်တွင် ၁ နှစ်ကျော်ကြာ မြင့်မားသည့် အဆင့်၌ရှိနေခဲ့ သော ပဲမျိုးစုံဈေးနှုန်းများကိုရွေ့လာမည့်လအနည်းငယ်အတွင်းလျှော့ချနိုင်ရန် အိန္ဒိယအစိုးရက ရည်မှန်းလျက်ရှိကြောင်း Financial Express သတင်းဌာနက ဖော်ပြသည်။

ပွဲတော်ရာသီကာလ ဝယ်လိုအားမြင့်မားမှုကြောင့် ပဲမျိုးစုံ၏လက်လီဈေးနှုန်းများမြင့်တက်ခဲ့သော်လည်းလက်ကားဈေးနှုန်းများမှာ စတင်လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ မုတ်သုံမိုးရွာသွန်းမှုသည် ပုံမှန်အထက်ရှိခဲ့ရာ ဆောင်းရာသီ၌ စိုက်ပျိုးမည့် သီးနှံများအတွက် လုံလောက်သော မြေအစိုဓာတ်ရရှိခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် ၅၀ ရာခိုင်နှုန်းခန့်ရှိသော ကုလားပဲစိုက်ပျိုးမှုမှာလာမည့်ဆောင်းသီးနှံရာသီ၌ စိုက်ပျိုးမှုဧရိယာတိုးတက်လာဖွယ်ရှိကြောင်း ဩစတြေးလျနိုင်ငံမှ ဒေစီကုလားပဲများတင်ဆောင်လာသည့်ကုန်သင်္ဘောတစ်စီးသည်မကြာမီတွင် အိန္ဒိယဆိပ်ကမ်းသို့ ရောက်ရှိ မည်ဖြစ်ကြောင်း၊ ဩစတြေးလျထံက ကုလားပဲတင်သွင်းမှု အမြင့်မားဆုံးကာလသည် ဒီဇင်ဘာလမှ ဇန်နဝါရီလအတွင်းဖြစ်ပြီး တန်ဇန်နီးယားနိုင်ငံထံက ပဲများကိုလည်း နိုဝင်ဘာလလယ်မှ ဒီဇင်ဘာလအထိ အများဆုံးတင်သွင်းမှုရှိကြောင်းဖြင့် အိန္ဒိယစားသုံးသူရေးရာဌာနမှ အရာရှိတစ်ဦးက Financial Express သို့ ပြောဆိုသည်။

အာဖရိကမှ ဒေစီကုလားပဲများသည် အိန္ဒိယဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိသည်ဟု ကုန်သည်များအသိုင်းအဝိုင်းက ပြောကြားထားသည်။

၂၀၂၃-၂၄ သီးနှံရာသီနှစ် (ဇူလိုင်-ဇွန်) အတွင်း ရာသီဥတုဆိုးရွားမှုကြောင့် တစ်နိုင်ငံလုံး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမှာ ၇ ရာခိုင်နှုန်းကျဆင်းလျက် တန်ချိန် ၂၄ ဒသမ ၂၄ သန်းသာရှိခဲ့ပြီး ကုလားပဲစိုက်ပျိုးမှုသည်လည်း တန်ချိန် ၁၁ ဒသမ ၀၃ သန်း ထွက်ရှိလျက် ၁၀ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

ယခင်နှစ်၌ ကုလားပဲအထွက်လျော့နည်းမှုမှာ ထိုထက်မက များပြားခဲ့သဖြင့် အစိုးရအနေဖြင့် ကုလားပဲနေရာ၌ အစားထိုးသုံးစွဲနိုင်သော စားတော်ပဲနှင့်ဒေစီကုလားပဲများကို အခွန်ကင်းလွတ်လျက် တင်သွင်းခွင့်ပြုခဲ့ရခြင်းဖြစ်သည်ဟု ကုန်သည်များက ပြောဆိုကြသည်။

ပဲမျိုးစုံအနက် ကုလားပဲခွဲခြမ်းသည် လွန်ခဲ့သော စက်တင်ဘာလတွင် ၂၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု ရာခိုင်နှုန်းအများဆုံးဖြစ်ခဲ့ရာ ပြည်တွင်းကုလားပဲရောင်းလိုအားကို မြှင့်တင်ရန်အတွက် လာမည့် ၂ လတာအတွင်း တန်ဇန်နီးယားနှင့် ဩစတြေးလျတို့ထံမှ ဒေစီကုလားပဲ တန်ချိန် ၀ ဒသမ၂ သန်းနှင့် တန်ချိန် ၁ သန်းတို့ကို အသီးသီးတင်သွင်းရန် အစိုးရက ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ယခင်နှစ် ဒီဇင်ဘာလမှစတင်၍ စားတော်ပဲများတင်သွင်းထားမှုမှာ တန်ချိန် ၂ ဒသမ ၃ သန်းခန့်ရှိပြီး ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကိုလည်း ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားသည်။

စားတော်ပဲကို ယခုနှစ် အောက်တိုဘာလကုန်အထိ သွင်းကုန်အခွန် ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဒေစီကုလားပဲ တင်သွင်းမှုအပေါ် သွင်းကုန်အခွန်ကောက်ခံခြင်းကိုလည်း အိန္ဒိယအစိုးရက ဖယ်ရှားပေးခဲ့သည်။

အစိုးရ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် လွန်ခဲ့သော ၃ လအတွင်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့၏ လက်လီရောင်းဈေးများမှာ ကျဆင်းခြင်း သို့မဟုတ် တည်ငြိမ်နေခြင်း ရှိခဲ့သည်ဟု ဖော်ပြထားသည်။

ယခုနှစ် မိုးသီးနှံရာသီ၌ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း တို့၏ စိုက်ပျိုးမှု ဧရိယာစုစုပေါင်းသည် ဟက်တာ ၁၂ ဒသမ ၈ သန်း ရှိပြီး ယခင်နှစ်ကထက် ၇ ဒသမ ၈ ရာခိုင်နှုန်းပိုမိုလျက်ရှိသည်။

ပဲစင်းငုံထွက်ရှိမှုမှာ ယခင်နှစ်ထက် မြင့်မားနိုင်သော်လည်း အဓိကစိုက်ပျိုးရာဒေသများတွင် မိုးရေချိန် ပိုမိုများပြားမှုကြောင့် မတ်ပဲထွက်ရှိမှုမှာ အရည်အသွေးအရ ကျဆင်းမှုရှိနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းပြောဆိုလျက်ရှိကြသည်။

အစိုးရ၏ ဝယ်ယူရေးအေဂျင်စီများဖြစ်ကြသော NAFED နှင့် NCCF သမဝါယမအသင်းချုပ်များသည် မိုးသီးနှံရာသီမှထွက်ရှိမည့် ပဲစင်းငုံ၊မတ်ပဲနှင့်ပဲနီလေးတို့ကို အစိုးရကအနိမ့်ဆုံးထားရှိအထောက်အပံ့ပြုဝယ်ယူပေးမည့် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ဝယ်ယူရန် တောင်သူလယ်သမားဦးရေ ၁ ဒသမ ၇၅ သန်းကို မှတ်ပုံတင်စာရင်းသွင်းထားပြီးဖြစ်သည်။

ဈေးနှုန်းများလျော့နည်းသက်သာလာမှုအရ ပဲမျိုးစုံ လက်လီဈေးနှုန်းဖောင်းပွမှုမှာ ဩဂုတ်လ၌ ၁၁၃ ဒသမ ၃ ရာခိုင်နှုန်း ရှိရာမှ စက်တင်ဘာလတွင် ၉ ဒသမ ၈ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ကြောင်း၊ အဓိကပဲမျိုးများဖြစ်သော ကုလားပဲ၊ ပဲစင်းငုံနှင့်မတ်ပဲတို့အထွက်လျော့နည်းမှုက ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ ပဲမျိုးစုံလက်လီဈေးနှုန်းဖောင်းပွမှုကို ကိန်းဂဏန်းနှစ်လုံး၏ အထက်၌ ရောက်ရှိနေစေခဲ့ကြောင်း သိရသည်။

လက်လီဈေးကွက်၌ဝင်ရောက်ထိန်းကျောင်းမှုအဖြစ် သက်သာသောဈေးနှုန်းဖြင့် ကုလားပဲရောင်းချမှုအစီအစဉ် Bharat Chana Dal ဒုတိယအဆင့်ကို ဆောင်ရွက်လျက်ရှိရာ အရန်သိုလှောင်ထားရှိမှုမှ ပဲတန်ချိန် ၀ ဒသမ ၃ သန်းကို လက်လီအရောင်းဆိုင်များမှတစ်ဆင့် ကုလားပဲခွဲခြမ်း ၁ ကီလိုဂရမ်လျှင် ရူပီး ၇၀ နှုန်းဖြင့်လည်းကောင်း၊ ကုလားပဲလုံးပြည့် ၁ ကီလိုဂရမ် လျှင် ၅၈ ရူပီးနှုန်းဖြင့်လည်းကောင်းအစိုးရကရောင်းချပေးလျက်ရှိကြောင်း၊ဝယ်လိုအားမြင့်တက်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် ပဲမျိုးစုံ ကို ယခင်နှစ်ထက် ၉၀ ရာခိုင်နှုန်းပိုမိုလျက် တန်ချိန် ၄ ဒသမ ၇၃ သန်းအထိ တင်သွင်းခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် နှစ်စဉ်ပဲမျိုးစုံစားသုံးမှု၏ ၁၅ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းခြင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း Financial Express သတင်းဌာနက ဖော်ပြထားသည်။

**Source:FinancialExpress,4Nov2024**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် စံချိန်သစ်တင်နိုင်ဖွယ်ရှိ

ဗီယက်နမ်နိုင်ငံသည် အောက်တိုဘာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၈ သိန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၀၅ သန်းရရှိခဲ့ပါသည်။

ယခုနှစ် ၁၀ လအတွင်း ပို့ကုန်တင်ပို့မှု စုစုပေါင်း တန်ချိန် ၇ ဒသမ ၈ သန်းနီးပါးတင်ပို့ခဲ့ပြီး ဤကဏ္ဍမှ ပို့ကုန်ရရှိငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၆ ဘီလီယံ ရရှိကြောင်း သိရသည်။

ဇန်နဝါရီမှ အောက်တိုဘာလအတွင်း ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၂၆ ဒသမ ၂ ဖြင့် ခန့်မှန်းထားပြီး နှစ်စဉ် ၁၂ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် ၈ ဒသမ ၁၃ သန်း တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုနှစ် ၁၀ လအတွင်း ပြည်ပပို့ကုန်နှင့် ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာခြင်းကြောင့် ယခုနှစ်ဆန်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် သတ်မှတ်ထားသည့်စံချိန်ထက် ကျော်လွန်သွားဖွယ်ရှိကြောင်း ဖော်ပြထားသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ကုန်သည်များ၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းသည် ယခင်အပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ မှ ၅၂၅ ဒေါ်လာအထိရှိပြီး ပြီးခဲ့သည့်တစ်ပတ်က ဈေးနှုန်း ၅၃၂ ဒေါ်လာ ပေါက်ဈေးထက်လျော့ကျခဲ့ကြောင်းသိရသည်။

Bulog သည် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ပါကစ္စတန်နှင့်အိန္ဒိယတို့မှ ဆန်တန်ချိန် ၅၀၀,၀၀၀ ခန့်ဝယ်ယူရန်အတွက် အောက်တိုဘာ ၂၄ ရက်နေ့က တင်ဒါခေါ်ယူခဲ့သည်။

ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် အောက်တိုဘာလအတွင်း အဆိုပါ ဆန်တန်ချိန် ၅၀၀,၀၀၀ တင်ဒါ၏ ၁၇ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် စုစုပေါင်းဆန်တန်ချိန် ၈၅,၀၀၀ အောင်မြင်စွာလေလံဆွဲနိုင်ခဲ့ကြောင်း ဆန်ဈေးကွက်သတင်းဝက်ဘ်ဆိုက် SSRicenews က ဖော်ပြခဲ့ကြောင်းသိရသည်။

**Source: Vietnam News**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့**

https://myantrade.gov.mm/

## ဆန်တင်သွင်းမှုအခွန်အား သုညရာခိုင်နှုန်းသို့ ဘင်္ဂလားဒေ့ရှ်အစိုးရ လျှော့ချ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်းများကို တတ်နိုင်သမျှ ထိန်းသိမ်းထားနိုင်ရန်နှင့် ဆန်ကို အရန်သိုလှောင်ထားနိုင်ရန် ရည်ရွယ်ချက်ဖြင့် အစိုးရသည် ဆန်တင်သွင်းမှုအပေါ်ကောက်ခံသည့်အခွန်ကို သုညရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း သိရသည်။

ပေါင်းဆန်နှင့် ရနံ့မွှေးခြင်းမရှိသော ဆန်ဖြူ များတင်သွင်းခြင်းအား အကောက်ခွန်နှင့်စည်းကြပ်ခွန်များအားလုံးမှ ကင်းလွတ်ခွင့်ပြုကြောင်းနှင့် ချက်ချင်းလက်ငင်းအကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း အမျိုးသား အခွန်ကြီးကြပ်မှုဘုတ်အဖွဲ့ NBR က အောက်တိုဘာ ၃၁ ရက်နေ့ ၌ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

ထိုသို့ အခွန်သက်သာခွင့်ဖြင့် ဆန် တင်သွင်းရာတွင် တင်သွင်းမည့်အကြိမ်တိုင်းအတွက် စားနပ်ရိက္ခာဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော တွဲဖက်အတွင်းဝန် ရာထူးအဆင့်ရှိသည့် အရာရှိတစ်ဦးက လက်မှတ်ရေးထိုးထားသည့် အတည်ပြုချက်ကို တင်သွင်းခြင်းမပြုမီ ကြိုတင်ရယူရမည်ဖြစ်ပါသည်။

ပြည်တွင်းဈေးကွက်တွင် ဆန်တင်ပို့မှု တိုးမြင့်လာစေရန်၊ ရေကြီးရေလျှံမှုများကြောင့် ဆန်စပါးထုတ်လုပ်မှုကို အနှောင့်အယှက်ဖြစ်စေခြင်းမှ ကာကွယ်နိုင်ရန်နှင့် ဈေးနှုန်းများတည်ငြိမ်စေရန်အတွက် ဆန်တင်သွင်းမှုအပေါ် စည်းကြပ်သည့်အခွန်များကို အပြည့်အဝရုပ်သိမ်းရန် ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးနှင့်အကောက်ခွန်ကော်မရှင်က အောက်တိုဘာလ ၂၉ ရက်နေ့တွင် အကြံပြုခဲ့ကြောင်း သိရသည်။

NBR ဘုတ်အဖွဲ့သည် ဆန်တင်သွင်းမှုအပေါ် စည်းကြပ်သည့် အခွန်များအနက် သွင်းကုန်အခွန်ကို ၂၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ကြီးကြပ်မှုအခွန်ကို ၂၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ကြိုတင်အခွန် ၅ ရာခိုင်နှုန်းကို သုညရာခိုင်နှုန်းသို့လည်းကောင်း အောက်တိုဘာလ ၂၀ ရက်နေ့တွင် လျှော့ချပေးခဲ့သည်။

သို့ရာတွင် ဆန်ဈေးနှုန်းများသည် လွန်ခဲ့သော ၃ လအတွင်း မြင့်တက်ခဲ့ပြီး ဆန် ၁ ကီလို ဂရမ်ပေါ်တွင် ၆ တာကာမှ ၁၀ တာကာအတွင်း မြင့်တက်မှုရှိကြောင်း၊ ဆန်ကြမ်းဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် တာကာငွေ ၅၅-၅၆ နှုန်း၊ အလယ်အလတ်တန်းဆန် ၁ ကီလိုလျှင် တာကာ ၆၆-၆၈ နှုန်းနှင့် ဆန်ချောဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် တာကာ ၇၅-၈၈ နှုန်း အသီးသီးရှိကြောင်း ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးကော်ပိုရေးရှင်းနှင့် စားဖိုဆောင်ပစ္စည်းအရောင်းဆိုင်များ၏ အချက်အလက်များအရ သိရသည်။

လက်ရှိ ဆန်ဈေးနှုန်းများသည် ယခင်နှစ်ကထက် ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအတွင်း ပိုမိုနေကြောင်း ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးကော်ပိုရေးရှင်းက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် စာရင်းအင်းဗျူရိုက မကြာသေးမီကာလ၌ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် ဆန်စပါးထွက်ရှိမှု အချက်အလက်များကို ထုတ်ပြန်ခဲ့ရာတွင် ဆန်တန်ချိန် ၄၀ ဒသမ ၃ သန်းဖြင့် အမြင့်မားဆုံးထွက်ရှိခဲ့သည်ဟု ဖော်ပြထားသော်လည်း ဆန်ဈေးနှုန်းများသည် တစ်ပြိုင်နက်တည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လမှသြဂုတ်လအတွင်း ရေကြီးမှု ၂ ကြိမ်ဖြစ်ပေါ်ခြင်းကြောင့် သီးနှံစိုက်ခင်းများတွင် ဆန်တန်ချိန် ၁ ဒသမ ၉ သန်းကျော် ပျက်စီးခဲ့ပြီး Noakhali နှင့် Cumilla ဒေသများ၌ ကျေးရွာများရှိ နေအိမ်များတွင် သိုလှောင်ထားသည့် ဆန်စပါးများလည်း ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ထိခိုက်ဆုံးရှုံးမှုများကို ကြုံတွေ့ရပြီးနောက် အစိုးရသည် ဆန်တင်သွင်းမှုအခွန်အား သုညရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:TheFinancialExpress,2Nov2024**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## STOCK EXCHANGE (11.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,859 (Shares) | 49,629,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 9,100 | 9,100 | 8,800 | 2,814 | 24,765,600 | 33,109,694 | 291,365 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,300 | 3,350 | 3,250 | 5,820 | 19,115,550 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 2 | 16,800 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,950 | 1,950 | 1,900 | 407 | 778,600 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 51 | 145,350 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 617 | 1,048,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 1 | 4,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 1,147 | 3,754,400 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 403.26 | -2.14 | -0.53% | 408.91 | 408.91 | 401.20 | 10,859 | 49,629,700 | 8 | 760,621 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 10,859 (Shares) | 49,629,700 (MMK) |

### Main Board

As of 1:00 pm, 11th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,859 (Shares) | 49,629,700 (MMK) |

| MYANPIX | 403.26 ▼ 2.14 |
|---|---|
| Total Volume (shares) | 10,859 |
| Total Value (MMK) | 50 mil |
| Listed Company | 8 |
| Market Cap. (MMK) | 760,621 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▼ 50 |